

# “အရပ်သားများ အားလုံး ခံစားနေကြရပါသည်”

## မြန်မာပြည် မြောက်ပိုင်းဒေသရှိ ပဋိပက္ခ၊ နေရပ်စွန့်ခွာထွက်ပြေးမှုနှင့် နိုင်ထက်စီးနင်းပြုကျင့်ခံရမှုများ

AMNESTY INTERNATIONAL

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့သည် တက်ကြွလှုပ်ရှားသူပေါင်း၊ ထောက်ခံအားပေးသူပေါင်း ၇ သန်းကျော် ပါဝင်သော ကမ္ဘာတဝန်းလုံး လူ့အခွင့်အရေးကို ရရှိခံစားနိုင်စေရန် ကြိုးပမ်းလှုံ့ဆော်နေသည့် အဖွဲ့ ဖြစ်သည်။

ကျွန်ုပ်တို့၏ မျှော်မှန်းချက်မှာ လူသားတိုင်း ကုလသမဂ္ဂ၏ လူ့အခွင့်အရေး ကြေညာစာတမ်းပါအခွင့်အရေးများနှင့် အခြားသော နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းများကို ရရှိခံစားနိုင်စေရန် ဖြစ်သည်။

ကျွန်ုပ်တို့သည် အစိုးရ၊ နိုင်ငံရေးအယူဝါဒ၊ စီးပွားရေးအကျိုးအမြတ်နှင့် ဘာသာရေး တို့မှ ကင်းလွတ်သောအဖွဲ့တစ်ခု ဖြစ်ပြီး အဓိကရန်ပုံငွေအဖြစ် အဖွဲ့ဝင်ကြေးနှင့် လှူဒါန်းငွေများဖြင့် ရပ်တည်နေသော အဖွဲ့ဖြစ်သည်။

© အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ ၂၀၁၇
ဤအစီရင်ခံစာပါအကြောင်းအရာများသည် Creative Commons အရ လိုင်စင်ယူထားပါသည်။
(ရည်ညွှန်းချက်ပေးခြင်း၊ စီးပွားဖြစ်မဟုတ်ခြင်း၊ ဆင့်ပွားအကျိုးအမြတ်မရှိခြင်းနှင့်
အပြည်ပြည်ဆိုင်ရာ ၄.၀) https://creativecommons.org/licenses/by-nc-nd/4.0/legalcode
နောက်ထပ်သိလိုပါက မိမိတို့၏ ဝက်ဆိုက် www.amnesty.org
မှ ခွင့်ပြုချက်များ စာမျက်နှာတွင် ကြည့်ပါ။
ပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ မဟုတ်ပဲ အခြားမူပိုင်ခွင့် ပိုင်ရှင်တစ်ဦးဦးကို
ပထမအကြိမ် - ၂၀၁၇
ပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် လီမီတက် မှ
ထုတ်ဝေသည်။
Peter Benenson House, 1 Easton Street
London WC1X 0DW, UK

**အညွှန်း - ASA ၁၆/ ၆၄၂၉ / ၂၀၁၇**
**မူရင်း မူရင်း-အင်္ဂလိပ်ဘာသာ**

**amnesty.org**

***မျက်နှာဖုံး ဓာတ်ပုံ -*** *ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) မှ စစ်သားနှစ်ဦး KIA မှ ထိန်းချုပ်သော ကချင် ပြည်နယ်ရှိ ဧရိယာတစ်ခုဖြစ်သော လိုင်ဇာအနီး တောင်ကုန်းများအား ကြည့်ရှုနေစဉ်၊ ဖွန်လ ၂၀၁၃။*
*© Daniel Quinlan*

# စီမံခန့်ခွဲရေးဆိုင်ရာ အနှစ်ချုပ်

**“ကျွန်မ အမျိုးသားရဲ့ ရုပ်အလောင်းကို ကျွန်မ လိုက်ရှာချင်တယ်၊ [ဒါပေမယ့်] တပ်မတော်သားတွေက အနားတစ်ဝိုက်မှာ ရှိနေကြတယ်။ ကျွန်မတို့ အိမ်ကိုလည်း မပြန်နိုင်ကြဘူး။ ကျွန်မ အသက်ရှင်နေသေးတယ် ဒါပေမယ့် ဘာလွတ်လပ်မှုမှ မရှိဘူး။”**

လွန်ခဲ့တဲ့ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ကတည်းက ရှမ်းပြည်မြောက်ပိုင်း ကနေ အသက် ၄၀ အရွယ် အမျိုးသမီးကြီး တစ်ဦး သူမရဲ့ ကျေးရွာကနေ ထွက်ပြေးလွတ်မြောက်လာခဲ့တယ်၊ သူမရဲ့ အမျိုးသားကတော့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ တုန်းက တိုက်ပွဲဖြစ်ပွားနေစဉ် ပျောက်ဆုံးနေခဲ့တာ ဖြစ်ပါတယ်။[1]

မြန်မာအစိုးရစစ်တပ်နှင့် နိုင်ငံအတွင်းရှိ တိုင်းရင်းသား လက်နက်ကိုင်တို့အနက် အင်အားအကြီးဆုံး အဖွဲ့တစ်ဖွဲ့ဖြစ်သော ကချင်လွတ်မြောက်ရေးတပ် (ကေအိုင်အို/ကေအိုင်အေ)၊ တို့အကြား ၁၇ နှစ်ကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ပျက်စီးသွားပြီးနောက် ခြောက်နှစ်ခန့်အကြာ၌၊ မြန်မာနိုင်ငံမြောက်ပိုင်းတစ်လျှောက် တိုက်ပွဲများ တစ်ကျော့ပြန် ပြန်ဖြစ်လာခဲ့သည်။[2] တရုတ်နိုင်ငံနှင့် အိမ်နီးချင်းဖြစ်သော ကချင်ပြည်နယ်နှင့် ရှမ်းမြောက် နေရာဒေသ အချို့တွင် နိုင်ငံတကာဥပဒေ ချိုးဖောက်မှုရှိသော ကြိုကြားတိုက်ပွဲများ မကြာခဏ ဖြစ်ပွားသကဲ့သို့ အခြားလူ့အခွင့်အရေးဆိုင်ရာ ဆိုးဆိုးရွားရွား ချိုးဖောက်မှုများနှင့် အကြမ်းဖက်မှုများ ပေါ်ပေါက်ခဲ့သည် - အထူးသဖြင့် လူနည်းစုဌာနေတိုင်းရင်းသားလူနည်းစုတို့အပေါ် အကြမ်းဖက်ချိုးဖောက်မှုများ ရှိနေသည်။ အရပ်သားပြည်သူ ၉၈,၀၀၀ ထက်မနည်း မိမိတို့ ရပ်ရွာမှ စွန့်ခွာထွက်ပြေးခဲ့ရပြီး အထူးသဖြင့် တိုင်းရင်းသား လက်နက်ကိုင်များ ထိန်းချုပ်ထားသည့် စစ်ပြေးဒုက္ခသည်များ သတ်မှတ် နေရာအသီးသီး၌ ပြန်လည်နေရာချထားရေးအပေါ် မြန်မာ အစိုးရက ကန့်သတ်ချက်များ ထားရှိသည့်ကိစ္စမှာ အဆိုးဝါးဆုံး ဖြစ်သည်။

ဤအစီရင်ခံစာမှာ ၂၀၁၆ နှစ်လယ်ပိုင်းမှ စတင်ပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတို့၌ ဆက်လက် ဖြစ်ပေါ်နေသော ပြည်တွင်းစစ် ပဋိပက္ခများအတွင်း နိုင်ငံတကာဆိုင်ရာ လူ့အခွင့်အရေးနှင့် လူသားချင်း စာနာမှုဆိုင်ရာဥပဒေ ချိုးဖောက်ကျူးလွန်မှု အခြေအနေ အရပ်ရပ်အပေါ် စစ်ဆေးမှု လုပ်ဆောင်ခြင်းဖြစ်သည်။ ၂၀၁၆ ဩဂုတ်လအတွင်း၊ မြန်မာအစိုးရစစ်တပ်မှ ကေအိုင်အေတို့၏ တောင်ကုန်းစစ်စခန်းများကို ဆက်တိုက် ဆိုသလို ဆိုးဆိုးရွားရွား ထိုးစစ်ဆင်ခဲ့ပြီး ယင်းထိုးစစ်ကြောင့် အရပ်သားပြည်သူ အမြောက်အများ ယင်းထိုးစစ်အတွင်း နေရပ်စွန့်ခွာ ထွက်ပြေး ခဲ့ကြရသလို ကချင်ပြည်နယ်အတွင်း စစ်ရှိန်အမြင့်ဆုံး အခြေအနေသို့တိုင် ရောက်ရှိခဲ့ရသည်။ လပေါင်းများစွာ ကြာပြီးနောက်၊ မြောက်ပိုင်း မဟာမိတ်အဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်လေးဖွဲ့ ပါဝင်သည့် ပူးပေါင်းအဖွဲ့က ရှမ်းပြည် မြောက်ပိုင်းရှိ မြန်မာစစ်တပ်နှင့် ရဲစခန်း အချက်အချာနေရာများကို တိုက်ခိုက်ခဲ့ပြီးသည့်နောက် မြန်မာစစ်တပ်မှ အပြင်းအထန် ပြန်လည် ထိုးစစ်ဆင်နွှဲခဲ့သည်။ ၂၀၁၇ မေလ အတွင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို ကြိုးစားလုပ်ဆောင် နေလင့်ကစား တိုက်ပွဲများမှာ အရှိန်မြင့် ဆက်လက် ဖြစ်ပွားနေပြီး အရပ်သား ပြည်သူအများစုမှာ ဆိုးရွားစွာ ထိခိုက် ခံစားနေရပါသည်။

၂၀၁၇ မတ်လနှင့် မေလ အတောအတွင်း နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ကြီးက ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတို့၌ သုတေသနလုပ်ငန်းစဉ် သုံးခုကို တာဝန်ယူသွားရောက်လေ့လာခဲ့ပြီး အစိုးရ ထိန်းချုပ်သည့်နေရာသာမက အစိုးရမထိန်းချုပ်ထားသည့် နေရာများရှိ မြို့များနှင့် ရွှေ့ပြောင်းဒုက္ခသည်စခန်း (အိုင်ဒီပီ) ဆယ်ခု ခန့်ဆီသို့ သွားရောက်လေ့လာခဲ့ပါသည်။ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့အစည်းမှ စစ်ပွဲအတွင်း စစ်ပြေး ဒုက္ခသည်များအပြင် ဥပဒေချိုးဖောက်ခံရသော မျက်မြင်သက်သေများ၊ ဒေသတွင်းနှင့် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားရေးဆိုင်ရာ အရာရှိများ၊ လူ့အခွင့်အရေးလှုပ်ရှားသူများနှင့် ဒေသတွင်းဆိုင်ရာ ခေါင်းဆောင်များ စုစုပေါင်း လူဦးရေ ၁၄၀ ထက် မနည်းအား လူတွေ့ စုံစမ်းမေးမြန်းခဲ့သည်။ ရှာဖွေတွေ့ရှိချက်များမှာ မြန်မာစစ်တပ်မှ ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာများနှင့် သက်သေခံကဒ်ပြားများအပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ တရားဝင် စာရွက်စာတမ်းများနှင့် ဆက်နွယ်နေသော ဓာတ်ပုံနှင့် ဗွီဒီယိုများအပြင် လေကြောင်း တိုက်ခိုက်မှုများ သို့မဟုတ် မော်တာအမြောက်များ ပစ်ခတ်မှု၏ ဂြိုလ်တုများသို့ မြေပြင်ရှိ GPS ကိရိယာတည်နေရာရာ အညွှန်းကို ဆက်သွယ်ပေးပို့ နိုင်သောစနစ် တာဝန်ခံများနှင့် ဂြိုလ်တုစလောင်း ပုံရိပ်များအပေါ် အခြေခံထားပါသည်။

---

[1] နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့အစည်း ၏ လူတွေ့မေးမြန်းချက်၊ မိုင်ဂျာယန်၊ ၁၂ မတ်လ ၂၀၁၇ ခုနှစ်။

[2] နိုင်ငံရေးနှင့် စစ်ရေး အဖွဲ့အစည်းများ သောင်းကျန်းသူများမှာ မြန်မာနိုင်ငံ တစ်နံတစ်လျှား ရှိနေကြပြီး တရားဝင်အနေဖြင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း (အီးအေအို) များအဖြစ် တရားဝင် သတ်မှတ်ထားသည်၊ ယင်းထဲ၌ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်လည်း ပါဝင်သည်။ ဤအစီရင်ခံစာ၏အဓိက ပစ်မှတ်မှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတို့၌ လက်ရှိဖြစ်ပေါ်နေသော ဒေသတွင်းလက်နက်ကိုင်ပဋိပက္ခများကြောင့် ဥပဒေချိုးဖောက်မှုနှင့် အကြမ်းဖက်မှုအခြေအနေများကို ရှာဖွေဖော်ထုတ်ရန် ဖြစ်သည်၊ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့အစည်းအနေဖြင့် အီးအေအို၏ စစ်ရေးလှုပ်ရှားမှုများကို အသေးစိပ် ဖော်ပြရာ၌ "တိုင်းရင်းသားလက်နက်ကိုင်အုပ်စု" ဟူသည့် စကားလုံးကို အဓိက အသုံးပြုသွားပါမည်။

ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတို့၌ ဖြစ်ပေါ်နေသော ပဋိပက္ခများမှာ တူညီမှု များစွာရှိပါသည်၊ တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများ ပါဝင်ပတ်သက်မှု၊ မကြာသေးခင်က တိုက်ပွဲများ အရှိန်တိုးမြှင့်လာခြင်း၊ တိုင်းရင်းသား လူနည်းစုတို့၏ အခွင့်အရေး ဆုံးရှုံးနေမှုများနှင့် သဘာဝ အရင်းအမြစ်များနှင့် လယ်မြေအသုံးပြုမှုဆိုင်ရာ ဆုံးရှုံးမှုများ စသည်တို့မှာ တူညီမှု ရှိပါသည်။ သို့သော် အခြားအဓိက ကွဲပြားခြားနားမှုများလည်း ရှိနေပါသည်။ ကချင်ပြည်နယ်အတွင်းမှ ပဋိပက္ခများမှာ အခြေခံအားဖြင့် ကေအိုင်အေအပေါ် ထိုးစစ်ဆင်သည့် မြန်မာစစ်တပ်အား တန်ပြန်ခုခံခြင်းဖြစ်ကာ၊ ရှမ်းပြည်မြောက်ပိုင်းတွင်မူ တိုင်းရင်းသား လက်နက်ကိုင်အုပ်စု တော်တော်များများ တစ်ခါတစ်ရံ၌ မဟာမိတ်ကဲ့သို့သော လက်နက်ကိုင်များ၊ တစ်ခါတစ်ရံ၌ ဆန့်ကျင်ဘက်ဖြစ်သော အုပ်စုများ ပါဝင်ပတ်သက်သည်၊ အခြားတစ်ဘက်၌ မြန်မာစစ်တပ်ဘက်၌ ပတ်သက်ဆက်နွယ်နေသည့် ပြည်သူ့စစ်ကဲ့သို့ အမြဲတမ်းတပ်မတော်မဟုတ်သော စစ်တပ်များ- နှစ်ဖက်စလုံး၌ ဘိန်းနှင့် မယ်တာဖက်တမင်းအတွက် အကျိုးစီးပွားရှာနေသည့် လက်နက်ကိုင်အုပ်စုများလည်း ပူးပေါင်းပါဝင်မှု ရှိပါသည်။

နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့အစည်း၏ သုတေသနပြုချက်မှ ရှာဖွေတွေ့ရှိသည့်အရာမှာ မြန်မာစစ်တပ် အနေဖြင့် ၂၀၁၆ နှောင်းပိုင်းကတည်းက စံချိန်တင်လောက်အောင် ဥပဒေချိုးဖောက်မှုများ ကျူးလွန်ခဲ့ပြီး ရှမ်းပြည်မြောက်ပိုင်းတစ်လျှောက် ယင်းကဲ့သို့ ကျူးလွန်ခဲ့သည်။ အထူးသဖြင့် တိုင်းရင်းသား လက်နက်ကိုင်အုပ်စုနှင့် ထိပ်တိုက်တွေ့ဆုံးပြီး အဖွဲ့ငယ် အချင်းချင်း ထိတွေ့ ပစ်ခတ်မှု ဖြစ်ပွားသည့်အခါမျိုး၌၊ အစိုးရစစ်သားများက တိုင်းရင်းသား လူနည်းစုမှ အရပ်သားများကိုပစ်မှတ်ထားပြီး ထင်တိုင်းကြဲကာ တစ်ဘက်သတ် ဖမ်းဆီးပြီး အကြမ်းဖက် ရိုက်နှက်ခြင်းပြုလုပ်ပြီး အခြားလက်မခံနိုင်ဖွယ်ရာ အပြုအမူများ ကျူးလွန်ကြသည်။ ၂၀၁၆ နိုဝင်ဘာလနှောင်းပိုင်း မုန်းကိုးမြို့[3] တွင်း အကြီးအကျယ် ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားပြီး အစိုးရစစ်တပ်က တိုင်းရင်းသား လူနည်းစုရှိ အရပ်သားဒါဇင်ပေါင်းများစွာကို ဖမ်းဆီးထိန်းသိမ်းခဲ့သလို တောင်ကုန်းထိပ်ဆီသို့ စခန်းသိမ်း တိုက်ပွဲဆင်နွှဲသည့်အခါ ယင်းအရပ်သားများကို လူသားဒိုင်းသဖွယ် အသုံးချမှုများ ရှိခဲ့သည်၊ အရပ်သား အတော်များများ သေဆုံးခဲ့ပြီး အချို့မှာ သေနတ်နှင့် လက်ပစ်ဗုံးကြောင့် ဒဏ်ရာ ဆိုးဆိုးရွားရွား ရခဲ့ကြသည်။

နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့အစည်း အနေဖြင့် အခြား တရားရေးဆိုင်ရာ ကွပ်မျက်မှု၊ ဓားစာခံ ၂၅ ဦး ပါဝင် ပတ်သက်မှုရှိသည့် အဖြစ်အပျက် လေးခုကိုလည်း မှတ်တမ်းတင်ထားသည့်အပြင် အတင်းအကျပ် ဖမ်းဆီးခေါ်ဆောင်သွားပြီး လူပါ ပျောက်ဆုံးသွားသည့် အမှုနှစ်ခုကိုလည်း မှတ်တမ်းပြုစုထားပါသည်။ မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်စစ်တပ် (MNDAA) နှင့် မြန်မာစစ်တပ်တို့အကြား ၂၀၁၆ နိုဝင်ဘာလ နှောင်းပိုင်းတိုက်ပွဲ အတောအတွင်း၊ မျက်မြင်သက်သေ နှစ်ဦး ထွက်ဆိုချက်အရ မြန်မာ စစ်သားများက ပန်ဆိုင်းမြို့ နှင့် မုံးကိုးမြို့ကြားမှ နမ့်ကျေးဟိုကျေးရွာသား ၁၈ ဦးအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ပြောပြပါသည်။ သေနတ်ပစ်ဖောက်သံ ၎င်းတို့ ကြားခဲ့ရပြီး တရုတ်နိုင်ငံအတွင်းသို့ ရက်သတ္တပတ်ပေါင်းများစွာ ရွှေ့ပြောင်းနေထိုင်ပြီးသည့်နောက် ရွာသို့ ပြန်လာရာ တွင်းနက်ကြီးနှစ်ခုကို ရှာတွေ့ခဲ့ပြီး ယင်းအထဲ၌ လူသေအလောင်းများနှင့် ၎င်းတို့ပိုင်ဆိုင်သည့်ပစ္စည်းများကို ရှာတွေ့ခဲ့ရပြီး ယင်းပစ္စည်းများမှာ ယင်းကျေးရွာသားများပိုင်ဆိုင်သော ပစ္စည်းများဖြစ်ကြောင်း ဆွေမျိုးသားချင်းများက ထွက်ဆိုကြပါသည်။

လွန်ခဲ့သော ဆယ်စုနှစ်များ၏ အတွေ့အကြုံအရ၊ မြန်မာစစ်တပ်မှာ ဒေသခံ အရပ်သားများကို ပေါ်တာ သို့မဟုတ် လမ်းပြ အနေဖြင့် အသုံးပြုစေခိုင်း သကဲ့သို့ ပိုဆိုးရွားသည်မှာ အတင်းအဓမ္မစေခိုင်းမှုဖြစ်ပြီး နှိပ်စက်ညှင်းပန်းမှုလုပ်ပြီး အရပ်သားများကို တိုက်ပွဲများအတွင်း မြေစာပင်ကဲ့သို့ ကြားညှပ် ခံစေခြင်းမျိုးဖြစ်သည်။ ၂၀၁၆ နိုဝင်ဘာလ အတွင်း မြန်မာစစ်သားများက ကချင်လူမျိုး လေးဦးအား အတင်းအဓမ္မ လမ်းပြခိုင်းပြီး တအန်း အမျိုးသားလွတ်မြောက်ရေးတပ် (TNLA) စစ်တပ်နှင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။ စစ်သားများက ယင်းကချင်လူမျိုး လေးဦးအား မှားယွင်းသော လမ်းသို့ ဦးတည်ခေါ်သွားသည့်အတွက် အပြစ်တင်ကြပြီး ၎င်းတို့အား ဆိုးရွားစွာ ရိုက်နှက်ခဲ့ကြသည်၊ ထို့ပြင် ၎င်းတို့၏ မျက်နှာအား ဓားဖြင့် မွှန်းကာ လှီးဖြတ်ခဲ့ကြသည်။

တိုင်းရင်းသား လက်နက်ကိုင်အုပ်စုများကို တိုက်ခိုက်ရာ၌ မြန်မာစစ်တပ်သည် မော်တာ ကျည်ဆံများ၊ အမြောက်များကို အသုံးပြုလျက် ပုံမှန်တိုက်ခိုက်ခဲ့သည်။ မကြာခဏဆိုသလို၊ ယင်းတိုက်ပွဲ တည်နေရာများမှာ အရပ်သား အများစု နေထိုင်သော နယ်မြေများဖြစ်ပြီး အရပ်သား အများအပြား သေဆုံး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်၊ အရပ်သား အိမ်ယာများ ပျက်စီးသွားပြီး လူအမြောက်အမြား နေရာပြောင်းရွှေ့ စွန့်ခွာထွက်ပြေးခဲ့ရသည်။ ၂၀၁၇ ခုနှစ် မေလ ၂ ရက်နေ့၌ ရှမ်းပြည်မြောက်ပိုင်း နမ့်ခမ်းမြို့ထဲမှ ကျေးရွာတစ်ရွာရှိ အသက် ၈၁ နှစ်အရွယ် အမျိုးသမီးကြီး တစ်ဦးမှာ သူမ၏ နေအိမ်အနီး၌ အပေါ်သို့ အမြောက်ကျည်ဆံ ကျရောက်ပေါက်ကွဲခဲ့ရာတွင် ၎င်းနှင့်အတူ အသက် ၈ နှစ် သို့မဟုတ် ၉ နှစ် အရွယ် ယောကျာ်းလေးတစ်ဦးတို့ အသက်သေဆုံးခဲ့ရသည်၊ ထို့နည်းတူ လွန်ခဲ့သော ၂၀၁၇ ဇန်နဝါရီလ ၁၂ ဝန်းကျင် ရှမ်းပြည်မြောက်ပိုင်း ဟိုချောင်းကျေးရွာအနီးတစ်ဝိုက်၌ အမြောက်ကျည်ဆံများ ကျရောက်ပေါက်ကွဲမှုကြောင့် အနည်းဆုံး လူရှစ်ဦးထက်မနည်း ထိခိုက်ဒဏ်ရာ ရခဲ့သည်။ ၂၀၁၆ ဒီဇင်ဘာလ အတွင်း၊ ကချင်ပြည်နယ် အိုင်ဒီပီ ဒုက္ခသည် စခန်းများ အနီးတစ်ဝိုက် မော်တာနှင့် အမြောက်ကျည်ဆံများ ကျရောက် ပေါက်ကွဲခဲ့သည့်အတွက် ရွှေ့ပြောင်းဒုက္ခသည် ထောင်နှင့်ချီ ထပ်မံ ပြောင်းရွှေ့နေထိုင်ခဲ့ရသည်။ အသက် ၅၆ နှစ်အရွယ်ရှိ အမျိုးသမီး ကလေး လေးဦးမိခင် တစ်ဦးဖြစ်သူ ဒါရှီခေါင်နူး (Dashi Hkawn Nu) က ပြန်ပြောခဲ့သည်မှာ "*မြေကြီး တစ်ခုလုံး တုန်ခါသွားတယ်။ အသံဗလံတွေကလည်း မိုးကြိုးပစ် မိုးခြိမ်းသံ လိုလိုပါပဲ။*"

ဤကဲ့သို့သော စစ်မက်ဖြစ်ပွားမှုများကြောင့် အရပ်သား အပြစ်မဲ့ ပြည်သူ အများအပြား ထိခိုက်နစ်နာပြီး အရပ်သား အဆောက်အအုံ အများအပြား ထိခိုက်ပျက်စီး ဆုံးရှုံးမှုများ တိုးမြှင့်ဖြစ်ပေါ်လာရသည်မှာ မြန်မာစစ်တပ် အနေဖြင့် အရပ်သားနှင့် တိုက်ပွဲပစ်မှတ်များ ခွဲခြား လုပ်ဆောင်မှု အားနည်းကြောင်း သိသာထင်ရှားစေသည့်အပြင် အရပ်သားများ ထိခိုက်သေဆုံးမှု နည်းပါးအောင် လုပ်ဆောင်သည့် အပိုင်းတွင်လည်း တာဝန်ယူမှု မရှိကြောင်း ပေါ်လွင်စေပါသည်။ တိုက်ပွဲဖြစ်ပွားနေစဉ် အတောအတွင်း တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများ အနေဖြင့်လည်း ၎င်းတို့

---

[3] မုံးကိုး၊ မွန်ကိုး၊ မွန်းကူး၊ မန်းကန်း ဟုလည်း ခေါ်သည့် မြို့မှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်း ထဲမှ မြို့ နှင့် ကျေးရွာ များ ကဲ့သို့ အမည်နာမ အမျိုးမျိုးဖြင့် ခေါ်ဝေါ်ကြသည်၊ တစ်ခါတစ်ရံ တိုင်းရင်းသား အုပ်စုနှင့် ဘာသာစကား ကွဲပြားသည်နှင့် အညီ အခေါ်အဝေါ်လည်း ကွာခြားသွားပါသည်။ ဤ အစီရင်ခံစာ တစ်လျှောက်လုံး၌ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့အစည်း အနေဖြင့် ကုလသမဂ္ဂ နေရပ်နှင့် လူသားချင်းစာနာမှုဆိုင်ရာ တာဝန်ခံ၏ စီမံခန့်ခွဲမှု မှတစ်ဆင့် မြန်မာသတင်းအချက်အလက် စီမံခန့်ခွဲရေးယူနစ် (အမ်အိုင်အမ်ယူ) ၏ ထုတ်ပြန်ချက်အတိုင်း စာလုံးပေါင်းသတ်ပုံကို တစ်ပြေးညီ အသုံးပြုသွားပါမည်။ အမ်အိုင်အမ်ယူနှင့် ပတ်သက်ပြီး http://themimu.info/about-us ထဲ၌ ဝင်ရောက်ကြည့်ရှုနိုင်သည်။ သို့သော်လည်း၊ ဤ အစီရင်ခံစာထဲရှိ ကျေးရွာငယ် အများအပြား၏ ရွာနာမည်များမှာ အမ်အိုင်အမ်ယူ မြေပုံထဲ၌ မပါဝင်နိုင်ပါ၊ စကား အသံထွက်များမှာ လူတွေ့မေးမြန်းသူနှင့် စကားပြန်တို့၏ အသံထွက်အတိုင်းသာ အသုံးပြုသွားပါမည်။

ဘက်မှ ခုခံကာကွယ်မှု လုပ်ဆောင်ရာတွင် အရပ်သားများ နေထိုင်နေသော ဧရိယာများ တစ်လျှောက် သို့မဟုတ် အနီးအနား၌ အခြေချကာ ပြန်လည် တိုက်ခိုက်သည့်အတွက် အရပ်သား ပြည်သူများအနေဖြင့် ဘေးအန္တရာယ် ပိုမို ကျရောက်စေသကဲ့သို့ ဖြစ်စေပါသည်။

နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့အစည်း၏ တရားဝင် အထောက်အထားထဲ၌ ဥပဒေချိုးဖောက် ကျူးလွန်မှု အများအပြားကို မြန်မာ စစ်တပ်လက်အောက်ရှိ ခြေလျင်တပ်များဖြစ်သည့် တပ်မ ၃၃ နှင့် တပ်မ ၉၉ တို့က အများဆုံး ကျူးလွန်ကြောင်း ပေါ်လွင်ထင်ရှားပြီး၊ စစ်ဒဏ်ခံ ပြည်သူများ၏ ထုတ်ဖော်ပြောပြချက်များအရ နယ်မြေတစ်လျှောက်၌ ၎င်းတို့၏ စစ်ဝတ်စုံများဖြင့် ကင်းလှည့်လုပ်ဆောင်မှုအပြင် ယင်း တိုက်ပွဲ ဖြစ်ပွားသည့် နေရာများ၌ နာရီပေါင်းများစွာ ထိုးစစ်ဆင်မှု လုပ်ဆောင်ကြောင်း သိရပါသည်။ မြန်မာနိုင်ငံအတွင်းရှိ စစ်သား အများစုသည် ကျူး လွန်သည့် အကြမ်းဖက်မှုအတွက် ဆိုးရွားသည့် ပစ်ဒဏ်မျိုး မကျခြင်း၊ ထိရောက်သည့် စုံစမ်းစစ်ဆေးမှုများ အလွန်ရှားပါးခြင်းနှင့် စွဲချက်တင်မှု မခံရခြင်း စသည့် အကျိုးရလဒ်များ ခံစားနေကြရသည်။ ထို့အတွက်ကြောင့်၊ ဒုက္ခသည်များနှင့် ၎င်းတို့၏ မိသားစုဝင်များက အာဏာရှင်ထံသို့ မိမိတို့၏ ထိခိုက်နစ်နာ ဆုံးရှုံးရမှုများကို တင်ပြတိုင်ကြားမှု အင်မတန် အခွင့်အရေး နည်းပါးလွန်းပြီး ကြောက်ရွံ့မှုသာ လွှမ်းမိုးနေပြီး လက်တုံ့ပြန် မှုများကိုသာ တွေ့ကြုံခံစားနေကြရသည်။ ပညာရှင်အများစု ပြောကြသည်မှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်း တိုက်ပွဲများအတွင်း တာ ဝန်ထမ်းဆောင်သည့် စစ်သားနှင့် အရာရှိများကို ရာထူးတိုးမြှင့်လေ့ရှိပြီး ကျူးလွန်မှုများကို ထပ်မံ ကျူးလွန်ပါကလည်း အကြမ်းဖက်မှု မမြောက် သည့် ပုံစံဖြင့် သက်သေအထောက်အထားမပြပဲ ထွက်ဆိုခိုင်းလေ့ရှိသည်။

ကချင်ပြည်နယ်အတွင်း၊ မြန်မာစစ်တပ်နှင့် အစိုးရတို့က ထောင်နှင့်ချီသည့် ရွှေ့ပြောင်းဒုက္ခသည်များကို ပိုမိုဆိုးရွားသည့် အခြေအနေသို့ တွန်းပို့ နေသလို ဖြစ်နေသည် ဥပမာအားဖြင့် လူသားချင်း စာနာမှုဆိုင်ရာ အကူအညီများ ကို အကန့်အသတ်လုပ်ခြင်း၊ အထူးသဖြင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ ထိန်းချုပ်ထားသည့် ဧရိယာများတွင် ကန့်သတ်မှုများ လုပ်ဆောင်ခြင်း စသည်တို့ဖြစ်သည်။ လူသားချင်းစာနာမှုဆိုင်ရာ အကူ အညီပေးသည့် အဖွဲ့အစည်းများက ထိခိုက်ပျက်စီးမှု နည်းပါးအောင် ကြိုးစားလုပ်ဆောင်နေပါသည်၊ တရုတ်နိုင်ငံထဲမှ အစားအသောက်နှင့် ပစ္စည်းများ သယ်ဆောင်လာခြင်းမျိုးဖြစ်သည်၊ လူသားချင်း စာနာမှုဆိုင်ရာ အရာရှိက ပြောပြသည်မှာ ၎င်းတို့ အနေဖြင့် အလျင်အမြန် တုံ့ပြန် ဆောင်ရွက်ရာတွင် အလုပ်တွင်ကျယ်မှုကို အဟန့်အတား ပြုခံရကြောင်း၊ အကာအကွယ်ပေးမှုများ အပေါ် စောင့်ကြည့်လေ့လာရာတွင် လည်း ကောင်း၊ ရွက်ဖျင်တဲများ လိုအပ်နေမှု၊ ရေရရှိမှုနှင့် မိလ္လာစနစ် စသည့်အခြေခံ လိုအပ်ချက် အများအပြား ရှိနေသေးကြောင်း ပြောပါသည်။ ယင်း သို့ ကူညီလုပ်ဆောင်နေစဉ် အတောအတွင်း အထူးသဖြင့် စစ်တပ်၏ ကြားဝင် နှောင့်ယှက်မှုမှာ အလွန်ဆိုးရွားပါသည် ဥပမာအားဖြင့် ၂၀၁၇ ဖေဖော်ဝါရီလအတွင်း၊ အစားအသောက်နှင့် စားနပ်ရိက္ခာများ- မိလ္လာစနစ်ပိုက်များ၊ ဆပ်ပြာ၊ အတွင်းခံ အဝတ်အစားနှင့် သွားတိုက်တံ သွားတိုက် ဆေး-ရွှေ့ပြောင်း အမျိုးသမီးများအတွက် ကုန်ပစ္စည်းများ ပို့ဆောင်မှုကို ပိတ်ပင် တားဆီးမှုများ ဆောင်ရွက်ခဲ့သည်။

အရပ်သား အများစုအနေဖြင့် တိုင်းရင်းသား လက်နက်ကိုင် အုပ်စုများကို မြန်မာစစ်တပ်၏ ဘေးအန္တရာယ်မှ အကာအကွယ်ပေးသူများ အဖြစ် ရှုမြင်ကြသော်လည်း ၎င်းတို့ကိုယ်တိုင်မှာ နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဥပဒေများကို ချိုးဖောက်နေကြပါသည်။ လက် နက်ကိုင် အုပ်စုများက အရပ်သား အမျိုးသား၊ အမျိုးသမီးနှင့် ကလေးများကို စစ်သားအဖြစ် အတင်းအဓမ္မ လူစုဆောင်းပြီး ရွာသူရွာသားများ ထံမှ ဆန်အိတ် သို့မဟုတ် ငွေကြေး တောင်းခံမှုမျိုး လုပ်ဆောင်သည့်အတွက် အရပ်သားများမှာ မိမိတို့ ဘဝရပ်တည်ရေးအတွက် တစ်ပူပေါ် နှစ်ပူဆင့် ဆိုသလို ပဋိပက္ခအတွင်း ရုန်းကန်လှုပ်ရှားနေကြရသည်။ ရှမ်းပြည်မြောက်ပိုင်း တစ်လျှောက်ရှိ ကျေးရွာများမှ ရွာသူရွာသားများက ဥပဒေအရ စစ်မှုမထမ်းမနေရ ကောလဟာလ သတင်းများ ပြန့်နှံ့နေသည့်အခါ မိမိတို့ နေအိမ်များမှ စွန့်ခွာထွက်ပြေး ခဲ့ရသည့် အကြောင်းအရာ များကို ပြန်လည်ပြောပြကြပါသည်။ ၂၀၁၇ ခုနှစ် အတွင်း ယင်း အခြေအနေမျိုးမှာ ပို၍ပင် ဆိုးရွားလာခဲ့ပါသည်၊ လက်နက်ကိုင် အုပ်စု အများ အပြားက မြန်မာစစ်တပ်၏ ဖိအားပေးမှုကို ပိုမို ခံစားလာခဲ့ရပြီး နိုင်ငံတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အခြေအနေ မှေးမှိန်လာသည့်အခါ အတင်းအဓမ္မ စစ်သားစုဆောင်းမှုများ ပိုမို ဖြစ်ပွားလာခဲ့သည်။

TNLA နှင့် အခြားသော လက်နက်ကိုင်အုပ်စုဖြစ်သော ရှမ်းပြည်ပြန်လည် ထူထောင်ရေးတပ်မတော် (RCSS) တို့မှာ ၂၀၁၅ နိုဝင်ဘာလအတွင်း ရှမ်းပြည်မြောက်ပိုင်း၌ အချင်းချင်း တိုက်ခိုက်ခဲ့ကြသည်၊ အခြားအုပ်စုကို ထောက်ပံ့နိုင်ရန် အရပ်သားများ အဓမ္မခေါ် ဖမ်းဆီးခေါ်ဆောင်သွားမှု မျိုး ကျူးလွန်ခဲ့ကြသည်။ လပေါင်းများစွာ ကြာမြင့်ပြီးနောက်၊ ဖမ်းဆီးခေါ်ဆောင်သွားခံရသည့် ဒါဇင်ပေါင်းများစွာသော ၎င်းတို့၏ ဆွေမျိုးသားချင်း များက ၎င်းတို့၏ မိသားစုဝင်များမှာ အသက်ဆက်ရှင်နေသေးသည် သို့မဟုတ် သေသွားပြီး အခြေအနေကို ယနေ့တိုင် မသိရသေးကြောင်း နိုင်ငံ တကာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့အား ပြန်လည်ပြောပြပါသည်။

ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်း တစ်လျှောက်၊ မြန်မာ စစ်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်အုပ်စုများအကြား လူထိခိုက်သေစေနိုင် သည့် မြေမြှုပ်မိုင်း သို့မဟုတ် မြေမြှုပ်မိုင်းကဲ့သို့သော လက်နက်များ ဥပမာအားဖြင့် ပေါက်ကွဲမှုကိရိယာ (IED များ) ကို အသုံးပြုမှု ရပ်တန့်ရန် မရှိပေ၊ ထိုလက်နက်ကိရိယာ အားလုံးကို မဆင်မခြင် အသုံးပြုသည့်အတွက်ကြောင့် အရပ်သား အပြစ်မဲ့ ပြည်သူလူထု အမြောက်အများ ထိခိုက် ပျက်စီး သေဆုံးနေကြရသည်။ ၂၀၁၇ ဇန်နဝါရီလအတွင်း၊ ရှမ်းပြည်မြောက်ပိုင်း နမ့်ခမ်းမြို့ထဲမှ အသက် ၄၁ နှစ်အရွယ် အမျိုးသားတစ်ဦးသည် ၎င်း၏ လက်ဖက်ခြံမှ အလုပ်ပြီးမြောက်၍ ရွာလမ်း မြေလမ်းအတိုင်း ပြန်လာစဉ် မြေမြှုပ်မိုင်း နင်းမိသည့်အတွက်ကြောင့် ၎င်း၏ ခြေထောက်များ ဆုံးရှုံးခဲ့ရသည်၊ ၎င်းသည် မြေမြှုပ်မိုင်းနှင့် ပတ်သက်ပြီး ဒုက္ခရောက်ခဲ့ရသော ဒုက္ခသည်များအနက် တစ်ဦးအပါအဝင် ဖြစ်ကြောင်း နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့၏ လူတွေ့မေးမြန်းသည့် အချိန်၌ သိခဲ့ရပါသည်။ ကလေးငယ်များမှာလည်း တောင်ယာထဲ၌ ၎င်းတို့၏ မိသားစုကို ကူညီပေးသည့်အခါ သို့မဟုတ် ပေါက်ကွဲစေနိုင်သည့် ပစ္စည်း (UXO) ဟု သတိမမူမိပဲ ကလေးကစားစရာတစ်ခု အနေဖြင့် ဆော့ကစားကြသည့် အခါ မကြာခဏ ထိခိုက်ဒဏ်ရာ ရခဲ့သည်။ ယင်းကဲ့သို့သော မြေမြှုပ်မိုင်း အန္တရာယ်များကြောင့် ရွှေ့ပြောင်းဒုက္ခသည် တော်တော်များများ ၎င်းတို့ ၏ အိမ် သို့မဟုတ် တောင်ယာများသို့ ပြန်သွားရန် ကြောက်ရွံ့နေကြပါသည်။

မြန်မာအစိုးရ အနေဖြင့် နိုင်ငံတကာ လူ့အခွင့်အရေးများနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဥပဒေ သဘောတူညီချက်များကို သဘော တူညီ လက်မှတ်ထိုးထားသော်လည်း နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့၏ စာရွက်စာတမ်း အထောက်အထားများအရ နိုင်ငံတကာ ဥပဒေ စံချိန်စံနှုန်းများအပေါ် ဆက်လက် ချိုးဖောက်ကျူးလွန်မှု အများစုကို ကျူးလွန်နေဆဲပင်ဖြစ်သည်။ ကျူးလွန်မှု အများအပြားမှာ စစ်ပွဲပဋိပက္ခများ အတွင်းမှ ဖြစ်သည်။ မြန်မာအာဏာပိုင်များ အနေဖြင့် စစ်သားများ ပါဝင်ကျူးလွန်မှု အခြေအနေကို သေသေချာချာ ဖမ်းဆီးစစ်ဆေးမှုလုပ်ရန် လို

အပ်သည်၊ ထိုနည်းတူ ပစ်မှု ကျူးလွန်ရန် သို့မဟုတ် အပစ်ပေးမှု မလုပ်ဆောင်သော စစ်ဗိုလ်များကိုလည်း လုပ်ရပ်ကို ရပ်တန်းမှ ရပ်တန့်ရန် သို့မဟုတ် ယင်းချိုးဖောက်မှုများ အတွက် ပစ်ဒဏ်ချမှတ်ရန် စသည်တို့ကို ထိထိရောက်ရောက် တုံ့ပြန်ဆောင်ရွက်ရန် အရေးကြီးသည်။ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ ထိန်းချုပ်နေသော ဧရိယာများ အပါအဝင် နိုင်ငံတစ်လွှား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအပေါ် ကန့်သတ်ချက်များအား ချက်ချင်း ရပ်တန့်သင့်သည်။ ထိုနည်းတူ နိုင်ငံတစ်လွှား လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် အကြမ်းဖက်မှုများကို စုံစမ်းစစ်ဆေးမှု ဆောင်ရွက်နိုင်ရန် ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ လွတ်လပ်စွာ ချဉ်းကပ်ဝင်ရောက်မှု၊ နိုင်ငံတကာ စုံစမ်းစစ်ဆေးရေး လုပ်ငန်းများကို အနှောင်အဖွဲ့မပြုပဲ လွတ်လပ်စွာ ဆောင်ရွက်ခွင့် ပေးသင့်သည်။

အောင်ဆန်းစုကြည် ဦးဆောင်သော အစိုးရသစ်အနေဖြင့် ဆယ်စုနှစ်များစွာ ကြာမြင့်နေပြီဖြစ်သော တိုင်းရင်းသား လက်နက်ကိုင် ပဋိပက္ခ ချုပ်ငြိမ်းနိုင်ရန် ယင်းဆိုးမွေကို ရပ်တန့်သွားအောင် ကြိုးစားဆောင်ရွက်နေပြီဖြစ်ကာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မှတစ်ဆင့် ပဋိပက္ခလျော့ကျအောင် လုပ်ဆောင်နေပြီဖြစ်သည်။ သို့သော်လည်း မြန်မာ စစ်တပ်က ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတို့၌ တိုင်းရင်းသားလူနည်းစုအပေါ် ဆက်လက် ဖိနှိပ်အကြမ်းဖက်နေမှုများက ယင်း သဘောတူညီချက် ကြိုးပမ်းအားထုတ်များအပေါ် ထိခိုက်နေပြီး အစိုးရနှင့် ၎င်း၏ စစ်တပ်များ အား ဆန့်ကျင်နေသည့် ကိစ္စရပ်များကဲ့သို့ ဖြစ်ပေါ်စေပါသည်။ မြန်မာပြည်မြောက်ပိုင်းရှိ အရပ်သား ပြည်သူ အများအပြားသာမက ပြည်တွင်းစစ်အခြေအနေအား နှစ်ပေါင်းများစွာ စောင့်ကြည့်လေ့လာနေသော ပညာရှင်အများစုက ယင်း ပဋိပက္ခ ဆက်လက် ဆိုးရွားနေသည့်အခြေအနေအပေါ် များစွာ စိုးရိမ်မကင်း ဖြစ်နေကြသည် - ထိုနည်းတူ စစ်ပွဲများအတွင်း လူ့အခွင့်အရေး ချိုးဖောက်ခံရမှုနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဥပဒေများမှာ မူလအခြေအနေထက်ပင် ပိုမို ဆိုးရွားလာနိုင်ကြောင်း လေ့လာသုံးသပ်နေကြသည်။ ယင်းကဲ့သို့သော အဖြစ်ဆိုးမှ ရှောင်ရှားနိုင်ရန်၊ လူ့အခွင့်အရေးအပေါ် တာဝန်ခံမှုနှင့် လေးစားလိုက်နာမှုကို မြန်မာအစိုးရ၏ အဓိက လုပ်ငန်းစဉ်၏ ဗဟို တစ်ခု အဖြစ် အရေးယူကိုင်တွယ်ရန်မှာ အထူးအရေးကြီးပါသည်။

# နိဂုံးချုပ်နှင့် အကြံပြုချက်များ

ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းရှိ အရပ်သားများအနေဖြင့် မိမိတို့သည် အဘက်ဘက်မှခြိမ်းခြောက်ခံနေရကြောင်း တွေ့မြင်နေရသည်။ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ထိုးစစ်ဆင်လျက်ရှိသော မြန်မာတပ်မတော်များသည် အရပ်သားများအပေါ် အခွင့်အရေးချိုးဖောက်မှုများကို အဆုံးစွန်၊ မကြာခဏ ကျူးလွန်ကြသည်။ စစ်တပ်စခန်းဂိတ်များသို့ အချိန်မတော် ဖြတ်သန်းလာသော လက်ဖက်လုပ်သားများသည် မတရား ဖမ်းဆီးခြင်း၊ ညှင်းပမ်းနှိပ်စက်ခြင်း၊ ပြင်းပြင်းထန်ထန် တရားစီရင်ခြင်းနှင့် အတင်းအကျပ် ဖျက်ဆီးခြင်းများ ခံနေရသည်။ စစ်တပ်များသည် ပြည်သူများနေထိုင်ရာနေရာနှင့် စစ်တိုက်ရန် ပစ်မှတ်အား မခွဲခြားခြင်း၊ ပြည်သူများထိခိုက်မှု နည်းနိုင်သမျှနည်းသည့် လုံလောက်သော ကြိုတင်ကာကွယ်မှုများ မပြုလုပ်ခြင်းတို့ကြောင့် အမျိုးသမီးများ၊ အမျိုးသားများနှင့် ကလေးငယ်များသည် တိုက်ပွဲအပြီး ပုန်းအောင်နေရာမှ မိမိနေရာသို့ ပြန်လာသောအခါ အမြောက်ကျည်ဆံများ ပေါက်ကွဲခြင်း၊ ကျည်ဆံအပိုင်းအစများကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများ ကြုံတွေ့နေရသည်။ ထို့အပြင် မြန်မာ့တပ်မတော်နှင့် အစိုးရက လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများအား ကန့်သတ်ထားသဖြင့် အစိုးရအုပ်ချုပ်မှု လက်အောက်တွင်မရှိသည့် သောင်းနှင့်ချီသော ရွှေ့ပြောင်းပြည်သူများမှာ များစွာအခက်အခဲများနှင့် ရင်ဆိုင်နေရသည်။

တိုင်းရင်းသားလက်နက်ကိုင်များအား မိမိတို့အတွက် အကာအကွယ်ပေးသော အဖွဲ့အဖြစ် သတ်မှတ်သော တိုင်းရင်းသား လူမျိုးအများစုမှာ အလားတူ ခြိမ်းခြောက်မှုများ ခံစားနေရသည်။ အမျိုးသားများ၊ အမျိုးသမီးများနှင့် ကလေးများသည် တပ်သားသစ်များအဖြစ် မတရားစုဆောင်းသိမ်းသွင်းခံနေရသည့် အခက်အခဲကို ရင်ဆိုင်နေရသည်။ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်ရန် အခွင့်အရေးမရှိသော လူစုများသည် တရွာပြီးတစ်ရွာဖြတ်ကျော်ကာ အခြားအုပ်စုတစ်အုပ်စုထံသို့ ဆန်အိတ်များ၊ ပိုက်ဆံများသယ်ဆောင် ပေးပို့ရန် အမိန့်ပေးခံရသည်။  အရပ်သားများသည် မကြာခဏဆိုသလို အဖွဲ့နှစ်ဖွဲ့အကြားဖြစ်ပေါ်သော တိုက်ပွဲများအတွင်း ဖမ်းဆီးခြင်းခံရသည်။ ဤသို့ဖမ်းဆီးခံရမှုမှာ လနှင့်ချီ တခါတရံတွင် နှစ်နှင့်ချီကြာသောကြောင့် မိသားစုများမှာ ၎င်းတို့၏ ခင်ပွန်း သို့မဟုတ် သားများသည် အသက်ရှင်လျက် သို့မဟုတ် သေလျက်ရှိနေကြသလားပင် မသိဘဲ အမှောင်ထဲတွင် နေရစ်ခဲ့ကြရသည်။

မိမိအိုးအိမ်များကို စွန့်ခွာထွက်ပြေးရသော အရပ်သားများသည် မိမိတို့ရပ်ရွာများသို့ ပြန်သွားပြီး  လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများ ပြန်လည်လုပ်ကိုင်လိုကြောင်းနှင့် မိမိတို့၏ သားသမီးများ ပညာရေးကို ပြန်လည် စတင်စေလိုသော ဆန္ဒတစ်ခုတည်းသာရှိကြောင်း အကြိမ်ကြိမ်ထုတ်ဖော်ပြောကြားကြသည်။ သို့သော် ပဋိပက္ခများဖြစ်ပွားရာ ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းများတွင် လက်နက်ကိုင် အဖွဲ့အစည်းများ ထောင်ထားသော မြေမြှုပ်မိုင်းများနှင့် IED အနေရာအနှံ့ရှိနေခြင်းနှင့် တိုက်ပွဲပြီးဆုံးပြီး အချိန်တော်တော် အကြာတွင်ပင် မိမိတို့၏ ကျေးရွာများသို့ မပြန်နိုင်ကြချေ။

မြန်မာ့တပ်မတော်သည် လွန်ခဲ့သော ဆယ်စုနှစ်များစွာကပင် ဒဏ်ခတ်အရေးယူမှုများ ခံခဲ့ရသည်။ ပြည်သူ့အစိုးရ အဖြစ်သို့ အသွင်ပြောင်းခြင်းနှင့် ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ခန့်အပ်လိုက်ခြင်းကြောင့် ဤအမွေဆိုးပပျောက်သွားမည်ဟု မျှော်လင့်နေကြသည်။ သို့သော် လူနည်းစုတိုင်းရင်းသားလူမျိုးများအပေါ် ပစ်မှတ်ထားသည့်ဤနယ်စပ်အခြေအနေမှာ မြန်မာနိုင်ငံမြောက်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသော ပဋိပက္ခများပြီးဆုံးရန် မည်မျှလိုအပ်နေသေးကြောင်း ဖော်ပြနေခြင်းဖြစ်သည်။ တစ်နိုင်ငံလုံးအတိုင်းအတာ ငြိမ်းချမ်းရေး ဖြစ်စဉ်များ အောင်မြင်ရန်မှာ တာဝန်ခံမှုနှင့် တိုင်းရင်းသားလူမျိုးများအပါအဝင် ပြည်သူလူထုများ၏ အခွင့်အရေးကို လေးစားလိုက်နာရန် လိုအပ်သည်။

## အကြံပြုချက်များ

### မြန်မာအစိုးရထံသို့

- မြန်မာနိုင်ငံမြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော နိုင်ငံတကာလူ့အခွင့်အရေးချိုးဖောက်မှုများနှင့် လူသားခြင်းစာနာ ထောက်ထားမှု ဥပဒေများချိုးဖောက်နေမှုများကို လူသိရှင်ကြား ဂန်ခံရန်နှင့် ရှုတ်ချရန်။ မြန်မာ့တပ်မတော်မှ လူ့အခွင့်အရေးများချိုးဖောက်နေခြင်းကို တရားရေး၊ နိုင်ငံရေးနှင့် သံတမန်ရေးရာနည်းလမ်းများ အသုံးပြုပြီး တားဆီးရန်။

- အပြည်ပြည်ဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်ရေးကော်မရှင်မှ ချမှတ်ထားသော နိုင်ငံတကာစုံစမ်းစစ်ဆေးမှု လုပ်ငန်းများ လွတ်လပ်စွာလုပ်ဆောင်ရာတွင်ပူးပေါင်းပါဝင်ရန်နှင့် အပြည့်အဝဂင်ရောက်လုပ်ကိုင်နိုင်ရန်အတွက် ဖန်တီးပေးရန်။

- တရားဥပဒေအပြင်ဘက်တွင် သေဒဏ်စီရင်ခြင်း၊ အင်အားအသုံးပြု၍ ဖျက်ဆီးခြင်း၊ ညှင်းပမ်းနှိပ်စက်ခြင်းနှင့် မတော်မတရားပြုမူခြင်း၊ အဓမ္မခိုင်းစေခြင်းနှင့် မတရားဖိနှိပ်ခြင်း သို့မဟုတ် ပြည်သူများအား တမင်တိုက်ခိုက်ခြင်းများအပါအဝင် အခြားစွပ်စွဲခံရသည့် ကျူးလွန်မှုများနှင့် နိုင်ငံတကာ လူသားချင်း စာနာ ထောက်ထားမှုဥပဒေများ ချိုးဖောက်နေမှုများကို ကျူးလွန်ရန် မိမိလက်အောက် ငယ်သားများအား အမိန့်ပေးသူ သို့မဟုတ် မိမိအုပ်ချုပ်မှုအောက်ရှိငယ်သားများ မကျူးလွန်စေရန် အကာအကွယ်ပေးရန် သို့မဟုတ် တုံ့ပြန်ရန် ပျက်ကွက်သည့် အရာရှိများအား ရှာဖွေဖော်ထုတ်ရန်။

- လူတစ်ဦးတစ်ယောက်၏ မိသားစုအား လက်တုံ့ပြန်ရန်ကြိုးပမ်းခြင်းမှ ကာကွယ်ပေးမှုများအပါအဝင် အစိုးရ သို့မဟုတ် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ လူ့အခွင့်အရေးချိုးဖောက်ကြောင်းနှင့် မတရားပြုကျင့် မှုများရှိကြောင်း သက်သေထွက်ဆိုများသူ သို့မဟုတ် ဒုက္ခသည်များအား လုံခြုံမှုရှိစေရေးနှင့် ယုံကြည်စိတ်ချ ရေး ဆောင်ရွက်ပေးရန်။  ဒုက္ခသည် သို့မဟုတ် ဒုက္ခသည်၏ မိသားစုများမှာ အစားထိုးပြုပြင်မှု၊ ပြန်လည် ထူထောင်မှုနှင့် အထပ်ထပ် ပြောဆိုသောအာမခံမှုများစသည်ဖြင့် အန္တရာယ်နှင့် ရင်ဆိုင်ရသော အခြေအနေတွင် လျော်ကြေးအပြည့်အဝရရှိနိုင်ရန် ဆောင်ရွက်ပေးရန်။

- မြေမြှုပ်မိုင်းတားမြစ်မှု သဘောတူညီချက်၊ လက်နက်ဆိုင်ရာသဘောတူညီချက်နှင့် ၄င်းတို့၏ လုပ်ထုံးလုပ်နည်းနှင့်ကျင့်ဝတ်များ၊ ညှင်းပမ်းနှိပ်စက်မှုရပ်ဆိုင်းရေးဆိုင်ရာ သဘောတူညီချက်၊ ကလေး သူငယ်များစေခိုင်းမှုနှင့် လက်နက်ကိုင်အဖြစ်မတရား သိမ်းသွင်းမှုဆန့်ကျင်ရေးလုပ်ထုံးလုပ်နည်းနှင့် ကျင့်ဝတ်များ၊ နိုင်ငံတကာ အလုပ်သမားအဖွဲ့အစည်း၏ အလုပ်သမားများ အဓမ္မစေခိုင်းခြင်းအားဖျက်သိမ်းရေး သဘောတူညီချက် (သဘောတူညီချက် နံပါတ် ၁၀၅) စသည်တို့ အပါအဝင် အဓိကကျသော နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားချင်း စာနာထောက်ထားရေး ဥပဒေများကို သဘောတူလက်မှတ်ရေးထိုးရန်။

- မွန်ဂိုအနီးအပိုက်ရှိ နေရာဒေသများနှင့် အစိုးရထိန်းချုပ်မှုပြင်ပတွင်ရှိသော နေရာဒေသများအပါအဝင် ကချင်ပြည်နယ်တစ်ခုလုံးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် လူသားချင်း စာနာထောက်ထားမှု အကူအညီများ လွတ်လွတ်လပ်လပ် ပေးပို့နိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ကုလသမဂ္ဂနှင့် နိုင်ငံတကာနှင့် နိုင်ငံအတွင်းရှိ လူသားချင်းစာနာထောက်ထားမှု ကူညီရေးအသင်းအဖွဲ့များမှ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန်နှင့် ရွှေ့ပြောင်းပြည်သူလူထုများအတွက် လိုအပ်သော အကူအညီများပေးပို့နိုင်ရန် ချက်ချင်း ဆောင်ရွက်ပေးရန်။

- စစ်ဘေးသင့် နေရာဒေသများ သို့မဟုတ် ကန့်သတ်နယ်မြေများသို့ လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းလုပ်သားများ သွားရောက်ခွင့်ရရှိနိုင်ရန် ထိရောက်ပြီး စနစ်ကျသော အစီအစဉ်များ ဖန်တီးပေးရန်။ အထူးသဖြင့်၊ အကူအညီလိုအပ်နေသည့် အတောအတွင်း လိုအပ်နိုင်သော ထောက်ပံ့မှုများကို စနစ်တကျဖြင့် တုံ့ပြန်ဆောင်ရွက်နိုင်အောင်နှင့် အခြားအုပ်စု အများအပြားမှာလည်း အရေးပေါ် အခြေအနေမျိုး၌ အတူတကွ ပူးပေါင်းဆောင်ရွက်ရေးကို အသေအချာ လုပ်ဆောင်ရန်။

- ပြောင်းရွှေ့ခံရသော ပြည်သူများ မိမိနေရာဒေသသို့ ပြန်သွားရာတွင် လုံလုံခြုံခြုံဖြင့် အသိတရားနှင့် မိမိတို့ဆန္ဒအလျောက် ပြန်သွားရန်။ မြေမြှုပ်မိုင်းနှင့် ပတ်သက်သော အသိပညာပေးရန်နှင့် အန္တရာယ်ရှိသော နေရာများ သတ်မှတ်ပေးနိုင်ရန် လုံလောက်သော ရန်ပုံငွေနှင့် အစီအစဉ်များ တိုးမြှင့် ပြုလုပ်ပေးရန်နှင့်

- လူ့အခွင့်အရေးအတွက် အပြည်ပြည်ဆိုင်ရာ ကုလသမဂ္ဂ အထူးတာဝန်ပေးအပ်ခြင်းခံရသူမှ ဌာနတစ်ခုအား အလျင်အမြန် ဖွင့်လှစ်ရန်အတွက် ပြည့်ဝသော အကာအကွယ်ပေးရန်နှင့် လုပ်ပိုင်ခွင့်အဆင့်များ တိုးမြင့်နိုင်ရန် ကူညီဆောင်ရွက်ပေးရန်။

## မြန်မာလက်နက်ကိုင် အဖွဲ့အစည်းများထံသို့

- စစ်ဆင်ရေး ပဋိပက္ခနှင့် ဆက်စပ်သော ဒေသများနှင့် အပစ်အခတ်ရပ်စဲထားသော ဒေသများတွင် နိုင်ငံတကာ စစ်ဘက်ဆိုင်ရာ ဥပဒေများ၊ အခြားလူ့အခွင့်အရေးများနှင့် လူသားချင်း စာနာထောက်ထားခြင်းဥပဒေများ ချိုးဖောက်နေမှုကို ချက်ချင်း ရပ်တန့်ရန်။ ပြည်တွင်း ပဋိပက္ခများအတွင်း ချမှတ်ထားသော နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု ဓလေ့ထုံးတမ်းဥပဒေကို တိတိကျကျ လိုက်နာရန်။

- တပ်မတော်သားများသည် အမြောက်တပ်မှ ဒုံးကျည်၊ အမြောက်ကျည်ဆံများ ပစ်လွှတ်ရာတွင် ပြည်သူလူထု များအား ထိခိုက်မှုအားလျော့ချရန်၊ အထူးသဖြင့် ပေါ်တာအထမ်းသမားများအား မထိခိုက်စေဘဲ မိမိပစ်မှတ်ထားရာ နေရာများ၊ စစ်ရေးအရ တရားဝင်သော နေရာများသို့သာ ကျရောက်ရန်၊ လူသူနေရာနှင့် အမြောက်ပစ်မည့် ဦးတည်နေရာအား သီးခြား ခွဲခြား သတ်မှတ်နိုင်ရန်အတွက် လုံလောက်သော ကြိုတင် ပြင်ဆင်မှုများ ပြုလုပ်ထားရန်။

- နိုင်ငံတကာစစ်ဘက်ဆိုင်ရာဥပဒေနှင့် အရေးကြီးသော နိုင်ငံတကာလူ့အခွင့်အရေးအား ချိုးဖောက်သည်ဟု သံသယရှိသူများအား ရှေ့တန်းမြေတွင်တာဝန်အပ်ပေးမှုမှ ချက်ချင်း ရပ်ဆိုင်းပေးရန်။

- မြန်မာတပ်မတော်မှ ထွက်ပြေးလွတ်မြောက်ရန် ကြိုးပမ်းသူများအားကွပ်မျက်ရန်အမိန့်ပေးခြင်းကို ရုပ်သိမ်းရန်။ အကယ်၍ ဥပဒေ ချိုးဖောက်ကြောင်း ခိုင်လုံသောသက်သေအထောက်အထားရှိပါက ၄င်းအရာရှိအား တရားရုံး တွင် တရားရင်ဆိုင်ရန် မျှတသော ရုံးတွင်းစစ်ဆေးမှုပြုလုပ်ရန်။

- ဖမ်းဆီးခံထားရသော ပုဂ္ဂိုလ်များ၏ အမည်များနှင့် ဖမ်းဆီးခံထားရခြင်း၏ အခြေခံအကြောင်းအရင်းများကို ၄င်းတို့မိသားစုနှင့် အခြားသော အဖွဲ့အစည်းများသိရှိနိုင်စေရန် သတင်းအချက်အလက်များ ချက်ချင်း ထုတ်ပြန်ပေးရန်။

- မြေမြှုပ်မိုင်းနှင့် IED များ အသုံးပြုမှုကို ရပ်တန့်ရန်။ အမှတ်အသားများပြုလုပ်ခြင်းနှင့် တရားဝင် အသိပေးကြော်ငြာများအား မြန်မာဘာသာနှင့် ထိုပတ်ဝန်းကျင်တွင် အသုံးပြုသော ဘာသာစကားနှစ်မျိုး စလုံးဖြင့် ထုတ်ပြန်ခြင်းလုပ်ငန်းများအပါအဝင် ပြည်သူများအား မြေမြှုပ်မိုင်း သို့မဟုတ် မြေမြှုပ်မိုင်းကဲ့သို့ ပေါက်ကွဲတတ်သော ပစ္စည်းများ ရှိသည့် နေရာများကို အသိပေးသည့် လုပ်ငန်းများ လုပ်ဆောင်ရန်နှင့် မြေမြှုပ်မိုင်း ရှင်းလင်းရေး လုပ်ငန်းများကို ကူညီထောက်ပံ့ပေးရန်။

- အတင်းအကျပ် ပေါ်တာထမ်းစေခြင်းနှင့် လမ်းပြစေခြင်းများအပါအဝင် ပြည်သူလူထုများအား အတင်းအကျပ် စေခိုင်းခြင်းများ ရပ်တန့်ရန်။ မည်သည့် တပ်မတော်သားများမဆို ပြည်သူလူထုအား အချိန်တိုအတွင်း ဖြစ်စေ၊ မတရားစစ်မှုထမ်းစေခြင်းသော မည်သည့် တပ်မတော်သားကိုမဆို တာဝန်ယူရန်။

- ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းရှိ စစ်ဘေးဒဏ်ခံ ဧရိယာ အားလုံးတို့အပြင် မုန်းကိုးနှင့် အစိုးရ ထိန်းချုပ်ထားသည့် ဧရိယာ ပြင်ပရှိနေရာများ၌ အနှောင်အဖွဲ့ကင်းသော လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အထောက်အပံ့များကို ချက်ချင်း လက်ငင်း ဖြည့်ဆည်းလုပ်ဆောင်ရန်၊ ကမ္ဘာ့ကုလသမဂ္ဂနှင့် နိုင်ငံတကာ သာမက နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်း အသီးသီးအား စစ်ဘေးဒဏ်ခံ ဒေသများထဲသို့ လွတ်လပ်စွာ သတင်းရယူခွင့်ပြုပြီး ရွှေ့ပြောင်းဒုက္ခသည် အရပ်သားများ၏ လိုအပ်ချက်ကို စောင့်ကြည့်လေ့လာရန်နှင့် ၎င်းတို့ လိုအပ်သော အကူအညီများ ပေးပို့ရန်။

- လူ့အခွင့်အရေး ကောင်စီ-လုပ်ပိုင်ခွင့် လွတ်လပ်စွာ ဆောင်ရွက်ခြင်း၌ အပြည့်အဝ ပူးပေါင်းပါဝင်ခြင်း၊ နိုင်ငံတကာ အချက်အလက် ရှာဖွေခြင်း တာဝန်၊ နိုင်ငံတစ်လွှား စုံစမ်းစစ်ဆေးခြင်းကို အနှောင်အဖွဲ့ကင်းစွာ လွတ်လွတ်လပ်လပ် သတင်းအချက်အလက် ရှာဖွေခြင်း၊ ထိုသို့လုပ်ဆောင်မှသာ လူ့အခွင့်အရေး အပေါ် ချိုးဖောက်မှုများနှင့် အကြမ်းဖက်မှုများ ကို အခြားသော ပါတီအဖွဲ့အစည်း အားလုံးနှင့် ပဋိပက္ခ အပေါ် အပြည့်အဝ စုံစမ်းစစ်ဆေးမှု ပြုနိုင်မည်ဖြစ်သည်။

## ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများထံသို့

- ပြည်သူလူထုများအား ပေါ်တာအထမ်းသမားများ၊ ယဉ်မောင်းသူများ နှင့် လမ်းပြသူများအဖြစ်စေခိုင်းခြင်းများ အပါအဝင် ကလေးစစ်သားများ စုဆောင်းခြင်းကို ရပ်တန့်ရန်၊ မတရား အခွန်ကောက်ခံမှုများကိုလည်း ဖျက်သိမ်းရန်။

- ပြည်သူလူထုများ ထူထပ်စွာနေထိုင်ရာ နေရာဒေသများတွင် အခြေချခြင်းနှင့် လှုပ်ရှားခြင်းများကို ရှောင်ရှားရန် ဖြစ်နိုင်ခြေရှိသည့် စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်ရန်။

- မြေမြှုပ်မိုင်းများတပ်ဆင်ထားမှုများနှင့် ပေါက်ကွဲပစ္စည်းများ ပရမ်းပတာ တပ်ဆင်ထားမှုများကို ရပ်တန့်ရန်။ မြေမြှုပ်မိုင်းရှင်းလင်းရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နေမှုများအား ကူညီပေးရန်၊ လိုအပ်ပါက မြေမြှုပ်မိုင်းနှင့် မြေမြှုပ်မိုင်းအသွင်တူ ပေါက်ကွဲပစ္စည်းများ မြှုပ်နှံထားသည့်နေရာများကို တိုင်းတာပြီး ပြည်သူ လူထုများအား သတိပေးရန်။

- အတင်းအကျပ် စစ်မှုထမ်းစေခြင်းနှင့် စစ်ပွဲတွင် ခိုင်းစေထားသော သူများအပါအဝင် ထိန်းသိမ်းထားသော ပြည်သူလူထုများအား ချက်ချင်း ပြန်လွှတ်ပေးရန်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့မှ ဆက်လက် ထိန်းသိမ်းထားခြင်း ခံရသော တပ်မတော်သားများ သို့မဟုတ် ပြည်သူလူထုများ၏ အမည်စာရင်းများကို လူသိရှင်ကြား ထုတ်ပြန်ရန်နှင့်

- လူ့အခွင့်အရေး ကောင်စီအား ပဋိပက္ခများအတွင်း အဖွဲ့အစည်း၏ လူ့အခွင့်အရေးချိုးဖောက်မှုများအား ရှာဖွေဖော်ထုတ်ရန်အတွက် အစိုးရ ကန့်သတ်မှုပြင်ပတွင်ရှိသော နေရာများသို့ သွားရောက်ပြီး နိုင်ငံတကာ စုံစမ်းစစ်ဆေးမှု လုပ်ငန်းများအား လွတ်လပ်စွာ လုပ်ပိုင်ခွင့် ပေးရန်။

## အပြည်ပြည်ဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီအဖွဲ့ထံသို့

- ပဋိပက္ခများဖြစ်ပွားရာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းအပါအဝင် တစ်နိုင်ငံလုံးတွင် နိုင်ငံတကာ စုံစမ်းစစ်ဆေးရေးလုပ်ငန်းများမှ လူ့အခွင့်အရေးချိုးဖောက်မှုနှင့် မတရားပြုမူမှုများကို လွတ်လွတ်လပ်လပ် ဖော်ထုတ်နိုင်သည့် လုပ်ပိုင်ခွင့်များရရှိရန် လုံလောက်သောအကူအညီများ အရင်းအမြစ်များ ဖန်တီးရန်။

## ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် မြန်မာနိုင်ငံရှိ ဥရောပသမဂ္ဂ အေဂျင်စီအဖွဲ့အစည်းများထံသို့

- အစိုးရထိန်းချုပ်မှု ပြင်ပတွင်ရှိသော နယ်မြေများအတွင်းအပါအဝင် လူသားချင်း စာနာထောက်ထားမှု အကူအညီများ တားဆီးပိတ်ပင်ခြင်းများ ရပ်တန့်ရန် မြန်မာအစိုးရအား လူသိရှင်ကြားဖြစ်စေ၊ လျှို့ဝှက်စွာ ဖြစ်စေ ခေါ်ယူပြီး ဖိအားပေးရန်။

## ငွေကြေးထောက်ပံ့သော အစိုးရအဖွဲ့များနှင့် အရှေ့တောင်အာရှ အဖွဲ့ဝင်နိုင်ငံများအပါအဝင် အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများထံသို့

- မြန်မာအစိုးရနှင့် တပ်မတော်အား အစိုးရထိန်းချုပ်မှုပြင်ပတွင်ရှိနေသော ဒေသများအပါအဝင် မြန်မာနိုင်ငံအတွင်း လူသားချင်း စာနာထောက်ထားသော အကူအညီများ တားဆီးပိတ်ပင်များ အားလုံး ချက်ချင်းရပ်တန့်ရန် လူသိရှင်ကြား ပြောကြားသင့်သည်။

- မြန်မာ့စစ်တပ်အား အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနှင့် လူသားချင်း စာနာထောက်ထားမှု ဥပဒေများ ချိုးဖောက်မှုကို ချက်ချင်း ရပ်တန့်ရန်နှင့် ယခင်နှင့် ယခုဖြစ်ပေါ်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများကို တာဝန်ယူရန် လူသိရှင်ကြား ပြောကြားသင့်သည်။

- စစ်တပ်မှ စစ်တပ် အချင်းချင်း အတူတကွ ပူးပေါင်းလုပ်ဆောင်ခြင်း၊ တာဝန်အပ်နှင်းသည့် အဖွဲ့ယူနစ်နှင့် စစ်ခေါင်းဆောင်များ ကိုယ်တိုင်မှာ ယခင်က လူ့အခွင့်အရေး ချိုးဖောက်မှု၌ ပါဝင်ပတ်သက်မှု အခြေအနေ စသည်တို့ကို အသေအချာ ကိုင်တွယ်လုပ်ဆောင်ရန် လိုအပ်သည်။ နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဥပဒေ စံချိန်စံနှုန်းနှင့်အညီ အတန်းအစားအလိုက်၊ အချိုးကျကျ သင်တန်းပေး၍ ဦးစားပေးလုပ်ဆောင်သင့်သည်။

- အစိုးရအဖွဲ့သာမက အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ထိန်းချုပ်နယ်မြေများအတွင်း အရေးပေါ် လိုအပ်ချက်များအပါအဝင်၊ မြေမြှုပ်မိုင်းများအကြောင်း ပညာပေးအစီအစဉ်များပြုလုပ်ရန်အတွက် ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတို့တွင် လူ့သားချင်း စာနာထောက်ထားမှု အဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုများကို ဖန်တီးပေးသင့်သည်။

**အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သည်**
**လူ့အခွင့်အရေးများအတွက် ကမ္ဘာ့တဝန်း**
**လှုပ်ရှားမှုကြီး တစ်ရပ်ဖြစ်သည်။**
**လူတစ်ဦး မတရားပြုကျင့်ခံရခြင်းသည်**
**လူတိုင်းကို ထိခိုက်စေခြင်း ဖြစ်သည်။**


## ဆက်သွယ်ရန်

info@amnesty.org

+44 (0)20 7413 5500

## လက်တွဲပါဝင်ရန်

www.facebook.com/AmnestyGlobal

@Amnesty

# “အရပ်သားများ အားလုံး ခံစားနေကြရပါသည်”

## မြန်မာပြည် မြောက်ပိုင်းဒေသရှိ ပဋိပက္ခ၊ နေရပ်စွန့်ခွာထွက်ပြေးမှုနှင့် နိုင်ထက်စီးနင်းပြုကျင့်ခံရမှုများ

တိုင်းရင်းသားလူနည်းစုများမှ ပိုမိုသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် မိမိတို့၏ အခွင့်အရေးများအား လေးစားမှု ထားရှိရန် ရှာဖွေတောင်းဆို လာသည်နှင့်အညီ ပဋိပက္ခအငြင်းပွားမှုများ ရေရှည်ကြာမြင့်နေပြီဖြစ်သော ဒေသများဖြစ်သည့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းဒေသများရှိ တိုင်းရင်းသား လက်နက်ကိုင်အုပ်စုများနှင့် မြန်မာစစ်တပ်တို့အကြား တိုက်ခိုက်မှုများသည် လွန်ခဲ့သည့် ခုနစ်လ လောက်မှစတင်ပြီး ပိုမို ပြင်းထန်လာခဲ့ပေသည်။

၂၀၁၇ခုနှစ် မတ်လနှင့် မေလအကြား မြန်မာပြည် မြောက်ပိုင်းဒေသ၌ သုတေသန တာဝန်မစ်ရှင် သုံးခုအား ဆောင်ရွက်ခဲ့စဉ်အတွင်း မေးမြန်းခဲ့သော အင်တာဗျူးပေါင်း ၁၄၀ ကျော်အပေါ်တွင် အခြေခံထားသည့် ဤအစီရင်ခံစာသည် ဥပဒေမဲ့ စီရင်ကွပ်မျက်မှုများ၊ ညှဉ်း ပန်းနှိပ်စက်မှုများ၊ အတင်းအကျပ် လုပ်သားစေခိုင်းမှုများနှင့် မဆင်မခြင် လက်နက်ကြီးအသုံးပြုခြင်းတို့ အပါအဝင် မြန်မာစစ်တပ်မှ ကျူး လွန်သော စစ်ရာဇဝတ်မှုများနှင့် အခြားသော လူ့အခွင့်အရေး ချိုးဖောက်မှုများအား စာရွက်စာတမ်း အထောက်အထားပြုစုထားခြင်း ဖြစ် သည်။ ဒုက္ခသည်သားကောင်အများစုမှာ ဒေသအတွင်းရှိ တိုင်းရင်းသား လူနည်းစု အရပ်သားများဖြစ်ကြပြီး၊ စစ်သားများ သို့မဟုတ် အုပ်ချုပ်သူအရာရှိများမှာမူ တာဝန်ယူမှု မရှိသလောက်ရှားပါးသည့် အနိုင်ကျင့်မှုများ ဆက်လက် ဖြစ်ပေါ်နေဆဲဖြစ်ပေသည်။ အစီရင်ခံစာ သည် အဓမ္မခေါ်ဆောင်ခံရခြင်း၊ အတင်းအကျပ် ခန့်အပ်ခံရခြင်းနှင့် အင်အားသုံး အခွန်ကောက်ခံခြင်းတို့အပါအဝင် တိုင်းရင်းသား လက် နက်ကိုင်အုပ်စုများ၏ ပြင်းထန်သော နိုင်ထက်စီးနင်းပြုကျင့်မှုများကိုလည်း ရှင်းလင်းဖော်ပြထားသည်။

ဤဒေသဒေသများတွင် အရပ်သားပေါင်း ၉၈,၀၀၀ ကျော်သည် နေရပ်စွန့်ခွာပြောင်းရွှေ့ရပြီး၊ မြန်မာအာဏာပိုင်များမှလည်း လူသား ချင်း စာနာထောက်ထားမှုအဖွဲ့များ ဝင်ရောက်အကူညီပေးခြင်းကို ကန့်သတ်ထားခြင်းဖြင့် အခြေအနေကို ပိုမိုဆိုးရွား စေလျက် ရှိပေ သည်။ ထို့ပြင် မိမိတို့၏ လယ်ယာမြေသို့ဖြစ်စေ နေအိမ်သို့ဖြစ်စေ ပြန်လည်လာရောက်သည့်အခါတွင်လည်း မြန်မာပြည် မြောက်ပိုင်း တစ်ပှမ်းရှိ အရပ်သားများသည် စစ်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်အုပ်စုများမှ ဆက်လက် ချထားဆောင်ရွက်ဆဲဖြစ်သော မြေမြှုပ် မိုင်းဗုံး ကဲ့သို့ လက်နက်ပစ္စည်းများအပေါ် တက်နင်းမိနိုင်ခြေရှိသည့် အန္တရာယ်များကို ရင်ဆိုင်နေရပြန်သည်။

ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အစိုးရအနေနှင့် ဆယ်စုနှစ်ပေါင်းများစွာကြာ တည်ရှိနေသည့် တိုင်းရင်းသား လက်နက်ကိုင် ပဋိပက္ခများအား အဆုံးသတ်ရန်အတွက်ငှာ ဦးစားပေး ဆောင်ရွက်လျက် ရှိပေသည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက်ငှာ စင်စစ် တာဝန် ယူမှုနှင့် လူ့အခွင့်အရေးများအပေါ် လေးစားသမှုတို့သည် ၎င်းလုပ်ငန်းစဉ်၏ အကျွရာပင်မဖြစ်ရမည် ဖြစ်ပေသည်။

အညွှန်း - ASA ၁၆/ ၆၄၂၉ / ၂၀၁၇
ဇွန်လ ၂၀၁၇
မူရင်း-အင်္ဂလိပ်ဘာသာ



AMNESTY INTERNATIONAL